# ရွေးကောက်ပွဲဆိုင်ရာ
# စေ့စပ်ညှိနှိုင်းရေးကော်မတီများနှင့်စပ်လျဉ်း၍
# မေးလေ့ရှိသောမေးခွန်းများ နှင့် အဖြေများ (FAQ)

## စေ့စပ်ညှိနှိုင်းခြင်းဆိုတာ ဘာကိုဆိုလိုပါသလဲ။

စေ့စပ်ညှိနှိုင်းခြင်းဆိုသည်မှာ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလအတွင်း အငြင်းပွားမှုတွင် ပါဝင်သည့် သက်ဆိုင်သူတစ်ဦးဦးသည် သက်ဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများသို့ တိုင်ကြားလာပါက တိုင်ကြားသူနှင့် တိုင်ကြားခံရသူ နှစ်ဦးနှစ်ဖက် တို့ ပြေလည်မှု ရရှိစေရန် ကူညီညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေး သည့် လုပ်ငန်းစဉ် ဖြစ်သည်။

## စေ့စပ်ညှိနှိုင်းရေးကော်မတီဆိုတာ မည်သည်ကိုဆိုလို ပါသလဲ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖွဲ့စည်းထားသည့် ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်အဆင့် နှင့် မြို့နယ်အဆင့် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများဖြစ်ပြီး ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းပေးရန်၊ ရွေးကောက်ပွဲဆိုင်ရာ အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများအကြား တင်းမာမှုလျော့ချနိုင်ရန်နှင့် ဖြစ်ပေါ်လာနိုင်သည့် ချိုးဖောက်မှုများကို ကြိုတင်ကာကွယ်တားဆီးနိုင်ရန်ဖြစ် သည်။

## EMCs ရဲ့အခြေခံလုပ်ငန်းဆောင်တာတွေက ဘာတွေပါလဲ။

EMC များကို ပြည်ထောင်စုလွှတ်တော်မှအတည်ပြုပြဋ္ဌာန်းခဲ့သည့် ပဥ္စမအကြိမ် ပြင်ဆင်သည့် ရွေးကောက်ပွဲ နည်းဥပဒေများအရ ဖွဲ့စည်းခြင်းဖြစ်ပါသည်။ နည်းဥပဒေ ၁၀၆(က) အရ “ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းရန် နှင့်ရွေးကောက်ပွဲကာလအတွင်း ဖြစ်ပေါ်လာနိုင် သည့် အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် စေ့စပ်ညှိနှိုင်းရေးကော်မတီများကို ရွေးကောက်ပွဲ တွင် ပါဝင်သက်ဆိုင်သူများနှင့်ညှိနှိုင်း၍ လိုအပ်သလိုဖွဲ့စည်းနိုင်သည်။ ” ဟုပြဋ္ဌာန်းထားပါသည်။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် EMC များကို ၂၀၁၅ ခုနှစ်အထွေထွေ ရွေးကောက်ပွဲအတွက် ပထမဦးဆုံးအကြိမ်အဖြစ် အမိန့်ကြော်ငြာချက်များ ထုတ်ပြန်၍ ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ (ရည်ညွှန်း- ၂၀၁၅ ခုနှစ်၊ ဇွန်လ(၁၂) ရက်စွဲပါ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ၏ အမိန့် ကြော်ငြာချက်)။

လာမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်သည့်အနေဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် သည် EMC အဆင့်ဆင့်ကို လမ်းညွှန်မှုပြုနိုင်ရန် လုပ်ငန်းစဉ်လက်စွဲ၊ ဖွဲ့စည်းမည့် EMC အဖွဲ့ဝင်များအတွက် self-learning လုပ်ငန်းဆိုင်ရာ သိမှတ် ဖွယ်ရာများ၊ မဲဆန္ဒရှင်အသိပညာပေးပိုစတာများ၊ စေ့စပ်ညှိနှိုင်းရေး ပညာပေး ဗီဒီယိုများကို ရေးဆွဲပြဋ္ဌာန်းပေးခဲ့ပါသည်။ မဟာဗျူဟာစီမံကိန်း ၂၀၁၉-၂၀၂၂ တွင်လည်း စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်များကို ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု ဖြေရှင်းခြင်းလုပ်ငန်းစဉ်များ၏ မဟာဗျူဟာ အစိတ်အပိုင်းတစ်ရပ်အဖြစ် ထည့်သွင်းရေးဆွဲခဲ့ပါသည်။ အဓိက ရည်ရွယ်ချက် တစ်ခုမှာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းထားရှိမှု သေချာစေရန်နှင့် လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

## EMC ကော်မတီအဆင့်ဆင့်ကို ဘယ်လိုဖွဲ့စည်းထားပါသလဲ။ မည်သည့်နေရာမှာတိုင်ကြားနိုင်ပါသလဲ။

ကော်မတီအဆင့် (၄) ဆင့်ဖွဲ့စည်းထားရှိပြီး အဆင့်တစ်ခုနှင့်တစ်ခု ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ မတူညီ ကြပါ။

- ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေး ဗဟိုကော်မတီ၊
- တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီ၊
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီ၊
- မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ။

တိုင်ကြားမှုများကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့များထံ တိုင်ကြားနိုင်ပါသည်။ အကယ်၍ အငြင်းပွားမှုကို စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ခက်ခဲသော အခြေအနေပေါ်ပေါက်ပါက သက်ဆိုင်သူများမှ သဘောတူညီလျှင် အထက်အဆင့် စေ့စပ်ညှိနှိုင်းရေးကော်မတီများသို့ ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးရန် တင်ပြနိုင်ပါသည်။ (မြို့နယ်အဆင့်မှ ခရိုင်အဆင့် သို့မဟုတ် ခရိုင်အဆင့်မှ တိုင်းဒေသကြီး/ပြည်နယ်အဆင့်)။

## ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်၏ လုပ်ငန်းတာဝန်တွေက ဘာတွေပါလဲ။

ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်၏ ဖွဲ့စည်းပုံနှင့် တာဝန်များ မတူညီကြသော် လည်း အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များမှာ တူညီကြပါသည် -

- နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာ ကျင့်ဝတ် **(Code of Conduct)** ကို လေးစားလိုက်နာစေရန်ဆောင်ရွက်ခြင်း၊
- စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အကူအညီတောင်းခံရန် လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းအကြီးအကဲများကို အစည်းအဝေး တွင်ဖိတ်ကြား၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊
- မဲဆွယ်စည်းရုံးရေးကာလအတွင်း ပေါ်ပေါက်လာသည့် ကိစ္စရပ်များနှင့် အခြားအငြင်းပွားမှုများကို EMC လုပ်ငန်းစဉ်လက်စွဲပါ အတိုင်း ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊
- နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများမှ တင်ပြလာသော အငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းပေးခြင်း၊
- အစိုးရဌာနနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများမှ တင်ပြလာသော အငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်း ပေးခြင်း၊
- တင်ပြလာသော အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ခက်ခဲသောအခြေအနေ ပေါ်ပေါက်ပါက အထက်အဆင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လမ်းညွှန်မှုကိုခံယူ၍ ဆောင်ရွက်ခြင်း၊
- အငြင်းပွားသူများအကြား နှစ်ဦးနှစ်ဖက်လက်ခံသော ပြေလည်မှု၊ သဘောတူညီ မှု ရရှိအောင် ညှိနှိုင်းပေးခြင်း၊
- ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီသို့ တင်ပြခြင်း၊
- ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုစေ့စပ်ညှိနှိုင်းရေးဆောင်ရွက်ချက်များကို မှတ်တမ်းထားရှိခြင်း။

ထို့ပြင် ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီသည် လွတ်လပ်တရားမျှတ၍ ပွင့်လင်းမြင်သာ မှုရှိသော ရွေးကောက်ပွဲဖြစ်စေရန် ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်အား ကြီးကြပ်ရန် တာဝန်ရှိပါသည်။ အဆိုပါ ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းတာဝန် သတ်မှတ်ချက်များကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁)ရက်နေ့ တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာတွင် လည်းကောင်း၊ EMC လုပ်ငန်းစဉ်လက်စွဲတွင် သော်လည်းကောင်း ကိုးကား ကြည့်ရှု နိုင်ပါသည်။

## စေ့စပ်ညှိနှိုင်းရေးကော်တီများရဲ့ဘယ်လိုဖွဲ့စည်းထားပါသလဲ။

ကော်မတီအဆင့်ဆင့်၏ဖွဲ့စည်းပုံတစ်ခုနှင့်တစ်ခုမတူညီပါ။ တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စု နယ်မြေ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဖွဲ့စည်းပုံများအနေဖြင့် -

- သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊
- သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ (ဌာနဆိုင်ရာဝန်ထမ်းများအပါအဝင်)၊
- ရွေးကောက်ပွဲဝင်ရောက်သည့်ပါတီများနှင့် တစ်သီးပုဂ္ဂလ လွတ်တော်ကိုယ်စားလှယ်လောင်းများ၊
- အများပြည်သူထဲမှ ဩဇာတိက္ကမရှိသူ အများဆုံး (၅)ဦး (ဖြစ်နိုင်ပါက အနည်းဆုံးအမျိုးသမီး (၁)ဦးပါဝင်ဖွဲ့စည်းရန်)၊
- ရွေးကော်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး (တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စု နယ်မြေများအတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးလက်ထောက်ညွှန်ကြားရေးမှူး သို့မဟုတ် ဦးစီးအရာရှိ)

ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီအဆင့်ဖွဲ့စည်းပုံတွင် ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌကတာဝန်ယူ၍၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများ၊ ရွေးကောက်ပွဲ ဝင်ရောက်သည့်ကိုယ်စားလှယ်လောင်း အများဆုံး တင်သွင်းသည့်နိုင်ငံရေးပါတီ (၁၀)ခုမှ ကိုယ်စားလှယ်တစ်ဦးစီ၊ ဝန်ကြီးဌာန (၁၁)ခုမှ ကိုယ်စားလှယ် (၁)ဦးစီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ဖြင့် ဖွဲ့စည်းထား ပါသည်။ အဆိုပါ ကော်မတီအဆင့်ဆင့်၏ ဖွဲ့စည်းပုံများကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁)ရက်နေ့ တွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာတွင် လည်းကောင်း၊ EMC လုပ်ငန်းစဉ်လက်စွဲတွင် သော်လည်းကောင်း ကိုးကားကြည့်ရှုနိုင်ပါသည်။

**ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီရဲ့က ဘယ်လောက်သက်တမ်းရှိပါသလဲ။**

ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီအဆင့်ဆင့်၏ သက်တမ်းမှာ ကော်မတီအဆင့်ဆင့်အား ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ဖွဲ့စည်းသည့်နေ့မှစ၍ ရွေးကောက်ပွဲကျင်းပပြီးသည့်နေ့ အထိဖြစ်ပါသည်။

**ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး မှတဆင့်ဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် အငြင်းပွားမှုအမျိုးအစားတွေက ဘာတွေ ပါလဲ။**

ဖြေရှင်းဆောင်ရွက်နိုင်သည့်ကိစ္စရပ်များမှာ -

(က) မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ နေ့ရက်များသတ်မှတ်ခြင်းနှင့် အချိန်နေရာများ သတ်မှတ်ခြင်း ဆိုင်ရာ ကိစ္စရပ်များ၊

(ခ) နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရမည့်ကျင့်ဝတ်(၂၀၂၀)ဆိုင်ရာကိစ္စရပ်များ။

**စေ့စပ်ညှိနှိုင်းမှုမှတဆင့် ဖြေရှင်းဆောင်ရွက်နိုင်သည့် အငြင်းပွားမှု၊ ချိုးဖောက်မှု ဥပမာအချို့ကဘာတွေ ဘာလဲ။**

ကန့်သတ်မထားပါ။ သို့သော်အချို့ဥပမာများအနေဖြင့်

- ကိုယ်စားလှယ်လောင်းတစ်ဦးအပေါ် မဟုတ်မမှန်သတင်းလွှင့်ခြင်း၊
- အမုန်းစကားနှင့် ဖန်တီးထားသောသတင်းအမှားများ၊
- နိုင်ငံရေးကိစ္စအတွက် ဘာသာရေးကို အသုံးချခြင်း၊
- မဲဆွယ်စည်းရုံးရေး ပစ္စည်းများအား ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊
- ပြည်သူပိုင်အရင်းအမြစ်များ၊ ပစ္စည်းများ နှင့် မော်တော်ယာဉ်စသည့်တို့ကို ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်း။

**မည်သည့်ပုဂ္ဂိုလ်များက အငြင်းပွားမှုကို တိုင်ကြားနိုင်ပါသလဲ။**

တိုင်ကြားနိုင်သူများမှာ -

- အငြင်းပွားမှုနှင့်သက်ဆိုင်သည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊
- အငြင်းပွားမှုနှင့် သက်ဆိုင်သည့် ရွေးကောက်ပွဲကိုယ်စားလှယ်များ၊
- သက်ဆိုင်ရာမဲဆန္ဒနယ်ရှိမဲဆန္ဒရှင်များ၊
- သက်ဆိုင်ရာအစိုးရဌာနများ သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲမှ ပုဂ္ဂိုလ်များ။

တိုင်ကြားလွှာတင်သွင်းရန်ပုံစံအား လုပ်ငန်းစဉ်လက်စွဲ၏ နောက်ဆက်တွဲ (က) တွင်ရယူနိုင်ပါသည်။

**စေ့စပ်ညှိနှိုင်းရေးအစည်းအဝေးပြုလုပ်စဉ် ဘယ်တွေလုပ်ဆောင်ကြမှာပါလဲ။**

EMC လက်စွဲတွင် EMC အဖွဲ့ဝင်များ၊ အငြင်းပွားမှုတွင်ပါဝင်ပတ်သက်သူများအားလုံး အစည်းအဝေး တက်ရောက်ရန် လမ်းညွှန်ထားပါသည်။ အစည်းအဝေးတွင် EMC စေ့စပ်ညှိနှိုင်းမှုမှ ထွက်ပေါ်လာသော ကြေညာချက်များ၊ အဆိုပြုချက်များ၊ ဝန်ခံချက်များ သို့မဟုတ် သဘောတူညီချက်များသည် မည်သည့် တရားရုံး နှင့် ရွေးကောက်ပွဲခုံအဖွဲ့သို့ တင်ပြခွင့်မရှိကြောင်း၊ အစည်းအဝေးသို့တက်ရောက်လာသူများ အနေဖြင့်လည်း စေ့စပ်ညှိနှိုင်းမှုလုပ်ငန်းစဉ်အတွင်း ရရှိသည့် သတင်းအချက်အလက်၊ အကြောင်းအရာများ နှင့် စပ်လျဉ်း၍ သက်သေခံထွက်ဆိုရန် တာဝန်မရှိကြောင်း ရှင်းလင်းစွာ အသိပေးရပါမည်။

## စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်အဆင့်များ

အောက်ဖော်ပြပါ လုပ်ငန်းစဉ်အဆင့် (၇)ဆင့်သည် စေ့စပ်ညှိနှိုင်းအစည်းအဝေးပြုလုပ်ရာတွင်ထည့်သွင်း ရမည့် လုပ်ငန်းစဉ်များ ဖြစ်ပါသည်။

### အဆင့် ၁ - စေ့စပ်ညှိနှိုင်းပေးသူမှ အဖွင့်စကားပြောကြားခြင်း

စေ့စပ်ညှိနှိုင်းပေးသူ (များသောအားဖြင့် EMC ဥက္ကဋ္ဌ) ကအဖွင့်စကားပြောကြားမှာဖြစ်ပါသည်။ ထို့နောက် တက်ရောက်လာသူများကို မိတ်ဆက်စေခြင်း၊ ရည်မှန်းချက်ပန်းတိုင်ကို ရှင်းလင်းခြင်း၊ စေ့စပ်ညှိနှိုင်းရာတွင် လေးစားလိုက်နာရမည့် စည်းမျဉ်းများနှင့် အငြင်းပွားမှုတွင် ပါဝင်သူများအကြား ပူးပေါင်းညှိနှိုင်းခြင်းဖြင့် ပြေလည်မှုရရှိရန် အားပေး တိုက်တွန်းရမည် ဖြစ်ပါသည်။

### အဆင့် ၂ - အငြင်းပွားသူများကို တင်ပြပြောဆိုစေခြင်း

အငြင်းပွားသူများကို ၎င်းတို့၏ အငြင်းပွားမှုဖြစ်စဉ်၊ တိုင်ကြားချက်၊ ယင်းနှင့်ဆက်နွယ်သည့် အကျိုးဆက်များကို ရှင်းလင်းပြောပြစေမည်။ စေ့စပ်ညှိနှိုင်းပေးသူမှ ပြေလည်မှုရနိုင်မည့် အကြံဉာဏ်များ ဖော်ထုတ်ဆွေးနွေးနိုင်သည်။ တစ်ဖက်မှ ရှင်းပြနေစဉ် ကျန်တစ်ဖက်မှ ကြားဖြတ် ပြောဆိုခွင့်မပြုရ။

### အဆင့် ၃ - နှစ်ဖက်ဆွေးနွေးခြင်း

စေ့စပ်ညှိနှိုင်းပေးသူမှ အငြင်းပွားမှုဖြစ်စဉ်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများကိုသာ အပြန်အလှန်ချေပ တင်ပြစေမည် ဖြစ်သည်။ EMC အဖွဲ့ဝင်များကလည်း မရှင်းလင်းသည်များကို မေးမြန်းနိုင်ပါသည်။

### အဆင့် ၄ - သီးသန့်ဆွေးနွေးမှုများ

ဤသီးသန့်ဆွေးနွေးမှုသည် အငြင်းပွားသူများအကြား တစ်ဖက်နှင့်တစ်ဖက် မသိစေလိုသည့် အကြောင်းအရာများရှိလျှင်သော်လည်းကောင်း သို့မဟုတ် တက်ရောက်လာသူများအား မသိစေလိုသော ကိစ္စရပ်များရှိခဲ့လျှင် လည်းကောင်း စေ့စပ်ညှိနှိုင်းပေးသူနှင့် သီးသန့်ဆွေးနွေး နိုင်မည့် အခွင့်အရေးဖြစ်သည်။ သီးသန့်အခန်းရှိပါက စေ့စပ်ညှိနှိုင်းပေးသူက တိုင်ပင်ဆွေးနွေးလိုသည့်အငြင်းပွားသူနှင့် သွားရောက်ဆွေးနွေးကာ အကြံပြုခြင်းများ၊ဆွေးနွေးမှုများ ပြုလုပ်နိုင်သည်။ ထိုသို့မဟုတ်ပါက အခန်းအပြင်ထွက်၍ တစ်လှည့်စီ သီးသန့်ဆွေးနွေးမှုပြု ရပါမည်။ အကယ်၍ အငြင်းပွားသူများက အားလုံးရှေ့တွင် ဆွေးနွေးလိုပါက ယင်းကဲ့သို့ သီးသန့်ဆွေးနွေးမှု လိုအပ်မည်မဟုတ်ပါ။

### အဆင့် ၅ - နှစ်ဖက်ပြန်လည်ညှိနှိုင်းစေခြင်း

သီးသန့်တွေ့ဆုံမှုအပြီး စေ့စပ်ညှိနှိုင်းပေးသူက သက်ဆိုင်သူများကို တိုက်ရိုက် ပြန်လည် ညှိနှိုင်းနိုင်ရန် အတူတကွ ပြန်လည် စုရုံး စေနိုင်သည်။ ပြေလည်မှုမရမချင်း သို့မဟုတ် စေ့စပ်ညှိနှိုင်းရန် သတ်မှတ်ထားသော အချိန်မပြီးမချင်း သက်ဆိုင်သူများကို ညှိနှိုင်းပေးသူက ပြန်လည် စုစည်းခြင်းပြုလုပ်လေ့မရှိပါ။

### အဆင့် ၆ - အစည်းအဝေးပိတ်သိမ်းခြင်း

အငြင်းပွားသူများအကြား ပြေလည်မှုရရှိပါက ညှိနှိုင်းပေးသူမှ သဘောတူညီချက် အကျဉ်းချုပ်ကို လက်မှတ်ရေးထိုးစေပါမည်။ သဘောတူညီမှုမရရှိပါက ညှိနှိုင်းပေးသူမှ အငြင်းပွားသူများအကြား ဆက်လက် ညှိနှိုင်းလိုခြင်းရှိမရှိ ဆုံးဖြတ်နိုင်ရန် ကူညီပေးခြင်း၊ ဆွေးနွေးညှိနှိုင်းမှုများသည် ဥပဒေအရ စည်းနှောင်မှုမရှိကြောင်းနှင့် ဥပဒေကြောင်း တရားစွဲဆိုခြင်းလုပ်ငန်းစဉ်ကို မထိခိုက် ကြောင်း အသိပေးရမည်။

### အဆင့် ၇ - မှတ်တမ်းတင်ခြင်း

စေ့စပ်ညှိနှိုင်းသူ သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲဝန်ထမ်းက အစည်းအဝေးမှတ်တမ်းကို ကော်မရှင်က သတ်မှတ်ထားသော နောက်ဆက်တွဲ (ခ) ပုံစံတွင် မှတ်တမ်းတင်ပြီး အထက်အဆင့် ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ကော်မရှင်သို့ ညွှန်ကြားချက် အတိုင်း ပေးပို့ရမည်။

**စနစ်ပညီနိုင်းအစည်းအဝေးများသည် အများပြည်သူ အတွက်ဖြစ်ပါသလား။ မည်သူတွေတက်ရောက်နိုင် ပါသလဲ။**

အများပြည်သူအတွက်ဖြစ်ပါသည်။ တက်ရောက်နိုင်သူများမှာ -

- ရွေးကောက်ပွဲလေ့လာသူများ၊
- ပြည်သူလူထုများ၊
- သက်ဆိုင်ရာပုဂ္ဂိုလ်များ။

**စနစ်ပညီနိုင်းခြင်းလုပ်ငန်းစဉ်ကို သက်ဆိုင်သူများက ပါဝင်ညှိနှိုင်းရန် တာဝန်ရှိပါသလား။**

မရှိပါ။ စနစ်ပညီနိုင်းခြင်းသည် အားလုံးလက်ခံပြီး သဘောဆန္ဒအလျောက် ဆောင်ရွက်သည့် လုပ်ငန်းစဉ် ဖြစ်သည်။ အငြင်းပွားသူမှ စနစ်ပညီနိုင်းမှု လုပ်ဆောင်လိုခြင်းမရှိပါက ဆွေးနွေးရန်မလိုပါ။ ထို့ပြင် တစ်ဖက်အငြင်းပွားသူမှ စနစ်ပညီနိုင်း အစည်းအဝေးကို တက်ရောက်လာခြင်းမရှိပါက လုပ်ငန်းစဉ်များ ဆက်လက်မလုပ်ဆောင်နိုင်ပါ။

**စနစ်ပညီနိုင်းမှုမှရရှိလာသည့် သဘောတူညီချက်များသည် ဥပဒေအရ စည်းနှောင်မှုရှိပါသလား။**

မရှိပါ။ စနစ်ပညီနိုင်းခြင်းသည် သဘောဆန္ဒအလျောက်ဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် ရရှိလာ သော သဘော တူညီချက်များသည် ဥပဒေအရ စည်းနှောင်မှုမရှိပါ။ သို့ရာတွင် ပါဝင် သက်ဆိုင်သူများက ဆုံးဖြတ်သဘောတူညီချက်များကို လေးစားလိုက်နာရန်လိုအပ်ပါမည်။

**မည်သည့်အရင်းအမြစ်များကို ကိုးကားနိုင်ပါသလဲ။**

- UEC ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲဆိုင်ရာ စနစ်ပညီနိုင်းရေး ကော်မတီများ ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ ရွေးကောက်ပွဲဆိုင်ရာ စနစ်ပညီနိုင်းရေး ကော်မတီ အဆင့်ဆင့် လုပ်ငန်းစဉ်လက်စွဲ၊
- EMC ပိုစတာ၊
- EMC ဗီဒီယို၊
- နောက်ဆက်တွဲ (က)- ရွေးကောက်ပွဲဆိုင်ရာစနစ်ပညီနိုင်းဖြေရှင်းပေးရန် တိုင်ကြားလွှာ၊
- နောက်ဆက်တွဲ (ခ) - အစည်းအဝေးမှတ်တမ်း။